
### (၁) မှဲ့ပြောက်စွန်းရောဂါ (Anthracnose)

**ရောဂါဖြစ်စေသောသက်ရှိ** - ***Colletotrichum gloeosporioides* (Penz.) Sacc., (*Glomerella cingulata* (Stoneman) Spauld. & H. Schrenk)**

**ရောဂါလက္ခဏာ**

အရွက်နှင့်အသီးပေါ်တွင်အမည်းရောင်ဒဏ်ရာကွက်များ၊ အသီးခွံပေါ်တွင်အမည်းရောင်အနာပျော့ကွက် များဖြစ်ပေါ် ပြီး နောက်ပိုင်းတွင် အသီးများ ကြွေကျပြီး မြေပြင်ပေါ်တွင် ဆွေးမြေ့ခြင်းကို ဖြစ်စေသည်။ အသီးရင့်များတွင်ရောဂါကျရောက်သော်လည်း မြေပြင်သို့ကြွေ ကျခြင်း မရှိဘဲ အပင်တွင် တွဲနေနိုင်သည်။ ရောဂါကျရောက် လျှက်ရှိသည့် အသီး ထဲရှိ အခွံ များသည် မီးခိုးညိုရောင်သို့ ပြောင်းလဲသွားသော်လည်း အတွင်းပိုင်းရှိ အစေ့အဆံအား ထိခိုက် မှုမရှိပါ။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခြံသန့်ရှင်းရေးဆောင်ရွက်ပါ။
- ရောဂါရအရွက်များကိုင်းဖျားများနှင့် အသီးကြွေများအားဖျက်ဆီးပစ်ပါ။
- စိုက်ခင်းသန့်ရှင်းရေးဆောင်ရွက်ပါ။

- ရောဂါကျရောက်ပါက Mancozeb (မန်ကိုဇက်), Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Metiram (မီတီရမ်)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)၊ Azoxystrobin (အဇိုဆီစထရိုဘင်) စသော မှိုသတ်ဆေးတစ်မျိုး မျိုးဖြင့် ပက်ဖျန်းကာကွယ်နှိမ်နင်း နိုင်သည်။